# ဦးမင်းဇင် ၏ ကိုယ်ရေး အကျဉ်း

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ Berkeley တက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံ ပါရဂူဘွဲ့အတွက် စာတမ်းပြုစုလျက်ရှိပါသည်။ The Foreign Policy's Transition Blog တွင် ဆောင်းပါးများ ပုံမှန် ရေးသားနေသူ တစ်ဦးဖြစ်ပြီး Freedom House အပါအဝင် သုတေသန အဖွဲ့ များအတွက် မြန်မာ့အရေး သုတေသီအဖြစ် ဆောင်ရွက်နေသူလည်း ဖြစ်ပါသည်။

၁၉၈၈ ခုနှစ် ရှစ်လေးလုံး အရေးတော်ပုံကြီးတွင် အထက်တန်းကျောင်းသား တစ်ဦးအနေဖြင့် တက်ကြွစွာ ပါဝင် လှုပ်ရှားခဲ့ပြီး အခြေခံပညာ ကျောင်းသားများသမဂ္ဂ (အကသ) ကို စတင်ဖွဲ့ စည်း ထူထောင်ရာတွင် ပါဝင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် စစ်အစိုးရ၏ ဖမ်းဆီးမှုကို ရှောင်တိမ်းရင်း ပြည်တွင်းတွင် ပုန်းအောင်းကာ နိုင်ငံရေး လှုပ်ရှားမှုများ ဆက်လက် လုပ်ကိုင်ခဲ့သည်။ ၁၉၉၀ ခုနှစ်များ တွင် တာရာငြိမ်းချမ်း ကလောင်အမည်ဖြင့် နိုင်ငံရေးအတွေးအခေါ် ဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ထိုင်း-မြန်မာနယ်စပ်ဒေသသို့ တိမ်းရှောင်ထွက်ခွါခဲ့သည်။ ထိုင်းနိုင်ငံအခြေစိုက် The Irrawaddy မဂ္ဂဇင်းတွင် သတင်းစာဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ပြီး လက်ထောက်အယ်ဒီတာ အဖြစ် ၂၀၀၄ ခုနှစ်အထိ တာဝန်ယူခဲ့သည်။ လွတ်လပ်သော အာရှအသံ RFA တွင် ၂၀၀၄ မှ ၂၀၀၇ အထိ အသံလွှင့်မီဒီယာသမားတဦးအဖြစ် အမှုထမ်းခဲ့သည်။

The Foreign Policy, The Irrawaddy, The Bangkok Post, The Nation, Far Eastern Economic Review, Wall Street Journal နှင့် အခြားမဂ္ဂဇင်း စာစောင်များတွင်လည်း ဆောင်းပါးများ ရေးသားခဲ့သည်။